# Bibliographic Data

| | | | | |
|---|---|---|---|---|
| **Author** | ဇော်ဂျီ | Zawgyi | Jo‘ gyi¯ | **Art.** ZG0003 |
| **Article Title** | ပုဂံခေတ် မဟာယာနပန်းချီ<br>Mahayana Painting in Bagan period<br>Pugam khet‘ Maha¯ ya¯na pan‘" khyi¯ | | | |
| **Title (Book/Serial)** | ဆရာဇော်ဂျီ စာပေါင်းချုပ် ပထမတွဲ<br>Collected Works of Saya Zawgyi, Vol.1 | | | |
| **Issue and Volume** | | | | |
| **Edition** | | | | |
| **Place/ Publisher** | Union of Myanmar Literary and Journalist Organization | | | |
| **Distributor** | | | | |
| **Ed. Date** | 1993 | | | |
| **Pagination** | p. 15 - 18 | | | |
| **Annotation** | Interior walls of Abheyadanar, Kubyaukgyi and Nandamanya pagodas were painted with scenes from the Buddha; they were influenced by Mahayana Buddhism. Paintings of Boddisatvas were mainly Mahayanist. | | | |
| **Subject Terms** | Painting | | | |
| **Key Words** | Mahayana Painting | | | |

# ပုံခေတ်မဟာယာနပန်းချီ

ဗုဒ္ဓ သာသနာတွင် ထေရဝါဒ ခေါ် ဟီနယာနဂိုဏ်းဟူ၍လည်းကောင်း၊ မဟာယာနဂိုဏ်းဟူ၍ လည်းကောင်း ဂိုဏ်းကြီး နှစ်ဂိုဏ်းရှိနေသည်မှာ အထင်အရှား ဖြစ်လေသည်။ ထိုဂိုဏ်းကြီး နှစ်ဂိုဏ်းသည် အိန္ဒိယ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အနှစ်တစ်ရာလောက်မှ စ၍ ပေါ်လာပြီးလျှင် အနှစ်ခြောက်ရာလောက်၌ (၀၁)ကမ္ဘာသုံး သက္ကရာဇ် တစ်ရာစုနှစ် အတွင်း၌ သိသိသာသာ ခြားနားထင်ရှား လာသည်ဟု ဆိုလေသည်။ တစ်ဖန် နှစ်ရာစုနှစ်လောက်မှ စ၍ အိန္ဒိယတွင် ဟိန္ဒူဘာသာဝင်မင်းများ တန်ခိုးပြန်လည်ကြီးမားလာလေရာ ထိုနှစ်ဂိုဏ်းစလုံး၏ အရှိန်အဝါသည် တစ်စတစ်စ မှေးမှိန်၍ ဆယ့်တစ်ရာစုနှစ်လောက်တွင်ကွယ်ပသလောက် ဖြစ်ခဲ့သည်ဟု ဆိုလေသည်။

သို့ရာတွင် ဗုဒ္ဓသာသနာသည် အိန္ဒိယပြင်ပ၌ ထွန်းကားလာလေသည်။ ဟီနယာနဂိုဏ်း ဝါဒသည် အိန္ဒိယ တောင်ပိုင်းမှ တစ်ဆင့် သီဟိုဠ်သို့လည်းကောင်း၊ မြန်မာနိုင်ငံသို့လည်းကောင်း၊ ယိုးဒယားနိုင်ငံသို့ လည်းကောင်း၊ ကမ္ဘောဇသို့ လည်းကောင်း သက်ဆင်းခဲ့ရာ ယခုတိုင် ထိုနိုင်ငံတို့၌ ဟီနယာနဗုဒ္ဓသာသနာ ထွန်းကားလျက် ရှိလေသည်။ မဟာယာနဂိုဏ်းဝါဒသည်လည်း ရှေးဘင်္ဂလားမြောက်ပိုင်း၊ ပါလတိုင်း၊ ရှေး ကသ္မီယတိုင်းတို့မှ တစ်ဆင့် နီပေါ၊ တိဗက်တို့သို့ လည်းကောင်း၊ အာရှအလယ်ပိုင်းသို့ လည်းကောင်း၊ တရုတ်၊ ကိုရီးယား၊ ဂျပန်တို့သို့ လည်းကောင်း သက်ဆင်းခဲ့ရာ ယခုတိုင် ထိုနိုင်ငံတို့၌ မဟာယာနဗုဒ္ဓသာသနာ ထွန်းကားလျက် ရှိလေသည်။

မြန်မာနိုင်ငံတွင်ဟီနယာနဗုဒ္ဓသာသနာသည် ပုဂံခေတ် အနော်ရထာ၊ ရှင်အရဟံတို့လက်ထက်မှစ၍ ထွန်းကားလာသည်မှာ အထင်အရှားဖြစ်သည်။ သို့ရာတွင် မဟာယာန ဗုဒ္ဓသာသနာ သည်လည်း အနော်ရထာနောက်နှစ်ပေါင်းသုံးလေးရာလောက် အထိ ဟီနယာနနှင့် အတူတကွ ကြီးကြား ရှိခဲ့သည်ဟု ဆိုလေသည်။ သမိုင်းသုတေသီနှင့် ကမ္ပည်းကျောက်စာ သုတေသီတို့၏ အလိုအရ မဟာယာနသည် ပါလတိုင်းမှ လည်းကောင်း၊ နီပေါတိဗက်တို့မှ လည်းကောင်း သရေခေတ္တရာသို့သက်ဆင်းလာ၍ ဟီနယာနနှင့် အတူ ပွင့်လင်းခဲ့သည်ဟု ဆိုလေသည်။ တစ်ဖန် သရေခေတ္တရာ ပျက်၍ ပုဂံပေါ်လာသောအခါ၌လည်း ပုဂံသို့ ရောက်၍ အနော်ရထာ၊ ရှင်အရဟံခေတ်သို့တိုင်အောင် ဟီနယာနနှင့်သူမသာ ငါမသာ အပြိုင်အဆိုင်ဖြစ်ခဲ့သည်ဟုဆိုလေသည်။ အနော်ရထာ၊ ရှင်အရဟံခေတ်သို့ ရောက်သောအခါ ဟီနယာနကို မင်း ချီးမြှောက်သဖြင့် ထိုအခါမှစ၍ ဟီနယာနသည် နိုင်ငံတော်တစ်ဝန်းလုံး ကိုးကွယ်သော သာသနာဖြစ်လာ၍ မဟာယာနအင်အား ဆုတ်ယုတ် ကွယ်ပသည်ဟု

ဆိုလေသည်။ သို့ရာတွင် မဟာယာနသည် ထိုအခါက ရုတ်ခြည်းကွယ်ပသည်ဟု မယူသာချေ။ ကိုးကွယ်သူ ရှိတန်သလောက် ရှိသေးသည်ဟူ၍လည်းကောင်း၊ ကိုးကွယ်သူ ရှိသလောက် အရှိန်အဝါအတန်အသင့် ရှိသေးသည်ဟူ၍ လည်းကောင်း ယူသင့်လေသည်။

တစ်ခါတစ်ရံ ပုဂံသူ ပုဂံသားတို့သည် ဟိနယာန၊ မဟာယာန ဟူ၍ ခွဲခြားခြင်း မပြုဘဲ နှစ်ဂိုဏ်းစလုံးကိုပင် ကိုးကွယ်သင့်သလောက် ကိုးကွယ်ကြဟန်တူသည်ဟု ဆိုသင့်ခလသည်။ အချို့ဟိနယာနဝါဒီတို့၏ အလှူဆုတောင်းစာများတွင် မဟာယာနဝါဒီတို့ အဓိကထားသော အရိမေတ္တယျကို ဖူးမြော်လိုသောဆန္ဒ၊ အရိမေတ္တယျနှင့် ဖူးကြိုရ၍ နိဗ္ဗာန်မျက်မှောက် ပြုနိုင်ပါစေသတည်းဟူသော ဆန္ဒတို့ပါရှိလေရာ ထိုဆန္ဒတို့ကိုထောက်၍ သိနိုင်ခလသည်။ ဥပမာ ကျန်စစ်သားမင်းကြီး၏သားတော် ရာဇကုမာရသည် ဘုရားတည်၍ ကျွန်လှူပြီးသောအခါ "ဤငါ့အမှုကား သဗ္ဗညုတ ဉာဏ်ပညာ ရအံ့သော အကြောင်း ဖြစ်စေသတည်း"ဟူ၍ လည်းကောင်း၊ "ဤဘုရားအား ငါလှူခဲ့သော ကျွန်တို့အား နှိပ်စက်ခြင်းပြုလျှင်၊ (ပြုသူသည်) အရိမေတ္တယျ ဘုရားသခင်ကို မဖူးရပါစေနှင့်"ဟူ၍ လည်းကောင်း၊ ကျောက်စာ၌ ဆိုခဲ့လေသည်။ ပထမအချက်ဖြစ်သော ရာဇကုမာရ၏ဆုတောင်းပုံသည် ဟိနယာန သဘောသက်သက် ဖြစ်သည်ဟု ယူသင့်လေသည်၊ ဒုတိယအချက်ဖြစ်သော ရာဇကုမာရ၏ ကျိန်ပုံသည် မဟာယာန သဘောအရိပ်အယောင် သန်းနေသည်ဟု ယူသင့်လေသည်၊

တစ်ဖန် တစ်ခါတစ်ရံ ပုဂံသူ ပုဂံသားတို့သည် ဟိနယာနဆိုင်ရာ ကျမ်းဂန်တို့ကို လည်းကောင်း၊ မဟာယာနဆိုင်ရာ ကျမ်းဂန် တို့ကို လည်းကောင်း ဖက်တွဲလေ့လာကြဟန် တူသည်ဟုယူသော် ရနိုင်ဖွယ်ရှိလေသည်။ပုဂံခေတ်၌သာမက ပုဂံပျက်ပြီးနောက် အင်းဝခေတ်၌ပင် ထိုသို့ ဖက်တွဲလေ့လာမှု ရှိခဲ့သည်ကိုထောက်၍ သိနိုင်လေသည်။ ဥပမာ သက္ကရာဇ် ၇၀၄ ခုနှစ်တွင် တောင်တွင်းမင်း သီရိဇေယျသူမောင်နှံတို့သည် ပုဂံမြို့ ဝက်ကြီးအင်းအရပ်၌ကျောင်းဆောက်၍ပိဋကတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ အလင်္ကာကျမ်း အစ ရှိသော ကျမ်းအမျိုးပေါင်း ၂၉၅ မျိုးကို စာသင်ရဟန်းတော်များ အလို့ငှာ၊ ရေးသားလှူဒါန်းကာ (တက်နွယ်ကျောင်း) ကျောက်စာ ထိုးခဲ့လေသည်။ ကျမ်းစာရင်းပါ ကျမ်းများအနက် ချာယမိန္ဒူ၊ ချာယမိန္ဒူဋီကာ၊ ဟေတုမိန္ဒူ၊ ဟေတုမိန္ဒူဋီကာတို့သည် မဟာယာနဆိုင်ရာ ကျမ်းများဖြစ်သည်ဟု ပညာရှိတို့ ယူကြလေသည်။ ထိုကြောင့်ပင် ပုဂံခေတ်၌ ဟိနယာနသာသနာ အထူးစည်ကား ပွင့်လင်းခဲ့သည်မှန်သော်လည်း မဟာယာန ကြိုးကြားရှိခဲ့သည်ဟု ဆိုခဲ့ခြင်း ဖြစ်ခလသည်။ဤအချက်မှန်ကြောင်း ပုဂံခေတ် ပန်းချီကလည်း တစ်စိတ်အားဖြင့်သက်သေခံနိုင်လေသည်။

ပန်းချီဆိုင်ရာ မဟာယာန သဘောမှာ အကြမ်းအားဖြင့် ဗောဓိသတ်နတ်ဘုရားကို ချီးကျူးကြည်ညိုခြင်း ဖြစ်ရလသည်၊ မဟာယာန ဝါဒီတို့သည် ဗုဒ္ဓဘုရားထက် ဗောဓိသတ် နတ်ဘုရားက မြတ်သည်ဟု မယူသော်လည်း၊ ဗောဓိသတ်နတ် ဘုရားသည် သတ္တဝါခပ်သိမ်း၌ မဟာကရုဏာတော်၊ မဟာမေတ္တာတော် ထားရှိ၍ ဝဋ်ဆင်းရဲအပေါင်းမှ ကယ်ချွတ်တော် မူနိုင်သည်၊ နိဗ္ဗာန် ထုတ်ချောက်အရောက် ပို့ဆွမ်းနိုင်သည်ဟုယူကြကြောင်းဆိုလေသည်။ ထိုသို့ ယူသဖြင့် မဟာယာန ဝါဒီတို့သည် သဒ္ဓါ ကြည်ညို စောင့်စည်းခြင်း၊ တည်းဟူသော သဒ္ဓိမြေကို ပညာမြေထက် ပိုမိုအလေးပြုကာ သဒ္ဓိမြေနည်းဖြင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် အားထုတ်သည်ကို ဆိုလေသည်။ ကိုးကွယ်ရာတွင် ဗောဓိသတ်နတ်

ဘုရားကို ဘွဲ့မည် အမျိုးမျိုးပေးကာ ကိုးကွယ်ကြလေသည်။ တစ်ခါတစ်ရံ လောက အားလုံးကို စောင့်ရှောက်တော်မူသော ကရုဏာရှင် အဖြစ်ဖြင့် အဝလောကိတေသွာရ ဟူ၍လည်းကောင်း၊ အဝလောကိတဟူ၍လည်းကောင်း၊ လောကနတ်ဟူ၍လည်းကောင်း ဘွဲ့မည်ပေးသည်၊ တစ်ခါတစ်ရံ နှစ်သက်ဖွယ် ကျက်သရေ အပေါင်းနှင့် ပြည့်စုံသော ကရုဏာရှင်အဖြစ်ဖြင့် မဉ္ဇုသီရိဟု အမည်ပေးသည်။ တစ်ခါတစ်ရံ ဝရဇိန် လက်နက်ကိုင်သော ကရုဏာရှင် အဖြစ်ဖြင့် ဝဇီရပါဏိဟူ၍လည်းကောင်း၊ ပဒုမ္မာကြာပွင့်ကိုင်သော ကရုဏာရှင်အဖြစ်ဖြင့် ပဒမပါဏိဟူ၍လည်းကောင်း ဘွဲ့မည်ပေးသည်၊ ဤသို့ဖြင့် ဒေသကာလအလိုက် ဘွဲ့မည်အမျိုးအပြားရှိလေသည်။ တစ်ဖန် အမျိုးသမီး ဗောဓိသတ် နတ်ဘုရားများလည်းရှိလေသေးသည်။ သံသရာ တစ်ဖက်ကမ်းသို့အရောက်ပို့နိုင်သူအဖြစ်ဖြင့်တာရာဒေဝီဟုဘွဲ့မည်ပေးသည်။ ပညာဉာဏ်ဖြင့် ကယ်တင်နိုင်သူအဖြစ်ဖြင့် ပညာပါရမိတာဟု ဘွဲ့မည်ပေးသည်။ မဟာယာနဝါဒီတို့သည် မြတ်ဘုရားထက် ထိုသို့သော ဗောဓိသတ်နတ်ဘုရားများကို ပိုမိုကိုးကွယ်တတ်ကြလေသည်။

ထိုအခါ ပန်းချီဆရာတို့၏ တာဝန်မှာ ဗောဓိသတ်နတ်ဘုရားပုံတော်တို့ကိုသပ္ပါယ်အောင်၊ နှစ်သက်ကြည်ညိုဖွယ် ဖြစ်အောင် ပန်းချီရေးဆွဲရခြင်းဖြစ်လေသည်။ ရေးဆွဲသောအခါ ကိုယ်ကိုအတန်ငယ် ယိမ်းနွဲ့ခြင်းဖြစ်သော အာဘင်္ဂ၊ သုံးဆစ်ချိုး ယိမ်းနွဲ့ခြင်းဖြစ်သောတြိဘင်္ဂစသည် တို့ကိုလည်းကောင်း၊ ဓမ္မစကြာတရားဟောဟန် လက်ချောင်း အမူအရာ ဖြစ်သော ဓမ္မစကြာ မုဒြာ၊ ဆုပေးဟန်လက်ချောင်း အမူအရာ ဖြစ်သော ဝရဒမုဒြာ၊ တရားဆွေးနွေးဟန် လက်ချောင်း အမူအရာဖြစ်သော ဝယာခယာန မုဒြာ၊ ဈာန်ဝင်စားဟန်လက်ချောင်းအမူအရာ ဖြစ်သော ဈာနမုဒြာစသည်တို့ကို လည်းကောင်း၊ ယက်ဝယ်ဖွဲ့ခွေဟန်ဖြစ်သော ပဒုမာသန၊ နှစ်သက်ဖွယ် ခြေတစ်ဖက်တင် တစ်ဖက်ချဟန်ဖြစ်သော လလိတာသနစသည်တို့ကိုလည်းကောင်း၊ မင်းကော်ရာဇ်မိဖုရားတို့၏ အဆင်တန်ဆာဖြစ်သောမကုဋ္ဌခေါ် တမာငါးခွက်ပါ မကုဋ်၊ ဟာရခေါ်ပုလဲလည်ဆွဲ၊ ကေယူရခေါ် လက်မောင်းစည်း၊ ဝလယခေါ်လက်စည်း၊ မေခလာခေါ် ခါးစည်း၊ နုပုရခေါ်ခြေကျင်း၊ ထို့နောက်ပန်းပြောက်ပုဆိုးစသည်တို့ကို လည်းကောင်း အတင့်အတယ် အဖွယ် အရာ ရေးထည့်ကြလေသည်။

ပုဂံခေတ်တွင်အပါယ်ရတနာ၊ဂူပြောက်ကြီး၊ ဘုရားသုံးဆူ၊ နန္ဒမညစသောဘုရားအတွင်းနံရံများ၌ ရေးဆွဲထားသောမဟာယာန ဗောဓိသတ် ပုံတော် များ သည် အထင်အရှားဖြစ်လေသည်၊ မဟာယာနလောကတွင် ထိုဗောဓိသတ်သည် အလွန်ကျော်စောသည်ဟုဆိုသည်၊ ထိုဗောဓိသတ်သည် အရိမေတ္တေယျ ဘုရား ပွင့်တော်မူသည်အထိ လောကအားလုံးကို စောင့်ရှောက်လျက်ရှိသော နတ်ဘုရား ဖြစ်သည်ဟုဆိုလေသည်၊လက်ဆယ်ချောင်းရှိသည်၊ ရှေ့လက်နှစ်ဖက်၏ လက်ချောင်းအမူအရာသည် ဓမ္မစကြာ မုဒြာဖြစ်သည်။ အာဘင်္ဂယိမ်းနွဲ့ဟန်ရှိသည်၊ မျက်နှာတော်ပြည့်ဖြိုး၍ မျက်နှာအမူအရာသိမ်မွေ့ နူးညံ့သည်ဟု ဆိုသင့်လေသည်၊

လောက ဉချောင်ဘုရားမှ ပုံသည် ဝဇီရပါဏိပုံ ဖြစ်သည်ဟု ယူဖွယ်ရှိသည်။ ဝဇီရပါဏိဗောဓိသတ်၏အမှတ် လက္ခဏာမှာ ဃဏ်ဋခေါ် ဝရဇိန်လက်နက်တပ်ဆင်ထားသော ဆည်းလည်းဖြစ်သည်၊ ပုံတွင် ထိုဆည်းလည်းကို ဝဇီရပါဏိသည် ယာဘက်လက်၌ ကိုင်ထားလေသည်၊ကျန်လက်ခြောက်ချောင်းတွင် ကြာ၊ ချွန်းတောင်း၊ လှံ၊ဓား၊သန်လျက်စသည်တို့ကိုကိုင်ဆောင်

ထားသည်၊ ရဝဇိန်လက်နက်၏ သဘောမှာ မပျက်မစီးနိုင် ခိုင်မာသော သဘောဖြစ် ၍ သစ္စာ တရားကို ထို ဝ ရဇိန် လက်နက်ဖြင့် ဥပစာ တင်ထားသည်ဟု ဆိုလေသည်။ တစ်ဖန်ထိုဝရဇိန် လက်နက်ဖြင့် ပင်လျှင် ရန်သူ ဟူသမျှကို ပစ်ခွင်း တတ်သော အဓိပ္ပာယ်ကို ဆောင်သည်ဟုလည်း ဆိုလေသည်။ အချို့က ဝဇိရပါဏိကို မိုးသကြား တစ်မျိုးဟု ယူဆကြသည်၊ ဘုရားပရိနိဗ္ဗာန်ပြုသောအခါ ဝဇိရပါဏိသည်ကြီးစွာသော ပူဆွေး ဝမ်းနည်းခြင်း ဖြစ်သဖြင့် ဝရဇိန် လက်နက်ပင် လျှင် လက်မှလွတ်ကျ ရသည်ဟု ဆိုလေသည်။ မိုးရွာစေလိုသောအခါဝဇိရပါဏိကို ကိုးကွယ် ပသ တတ် ကြ လေ သည်။ ကိုင်ဆောင်ထားသော လက် နက် များမှာ ကြောက်မက်ဖွယ် ဖြစ်သော်လည်း ယိမ်းနွဲ့ ထားသော အာဘင် အမူအရာမှာ နှစ်သက်ဖွယ်ဖြစ်သည်၊ ယာလက် တစ်ဖက်ဖြင့်မြေ့၌ လှံတံကို ထောက်ကိုင် ထားပုံသည် ခံ့ညားသည်ဟု ယူသင့် လေသည်။

အပါယ်ရတနာဘုရားမှ လောကနတ်ပုံဖြစ်သည်ဟုယူဖွယ်ရှိလေသည်၊ လောကနတ်ဆိုသည်မှာ အဝလောကိတေဿရကဲ့သို့ပင်ဖြစ်သည်။ ယာလက်ချောင်း အမူအရာမှာ ဝရဒမုဒြာဖြစ်သည်၊ ဝဲလက်ဖြင့် ကြာညိုပွင့်ကိုင်ထားသည်၊ကြာပလ္လင်ထက် ဝယ်ခြေတစ်ဖက်တင် တစ်ဖက်ချဟန် ထိုင်သည်။ ရုပ်အသွင်အားဖြင့်နုပျိုသည်။ ကိုယ်အမူအရာ သိမ်မွေ့၍ မျက်နှာအမူ အရာ တည်ငြိမ် အေးချမ်းသည်ဟု ယူသင့်လေသည်၊ ပုဂံခေတ်တွင် မဟာယာနဗောဓိသတ်များအနက် လောကနတ်ကိုအများအပြားတွေ့မြင်ရသည်ဟုဆိုလေသည်၊ ပုဂံခေတ် မဟာယာနဝါဒီတို့သည် လောကနတ်ကို အထူး ကိုးကွယ်ကြဟန် တူ လေသည်။ ခြောက်ရားလှ ဘုရားနံရံတွင်လည်း မတ်ရပ်တော် လောက နတ်ပုံရှိ သည် ဆိုသည်၊ ထိုပုံ၏ အောက်တွင် "ဤကား ဘုရားလောင်းလောကနတ်တည်း၊ ဤထုလုပ်သော ငါလည်း သင့်သောအကျိုးရပါလိုသတည်း၊ လုပ်ကျွေးသော သားမြေး ကျေးကျွန် ခပင်းလည်း ရပါစေသတည်း" ဟု ကမ္ပည်းထိုးထားလျက်ရှိသည်။

အပါယ်ရတနာဘုရားမှပုံသည် ဗောဓိသတ်တာရာ ဒေဝီပုံဖြစ်သည်။ဗောဓိသတ်တာရာဆိုသည်မှာဗောဓိသတ်ဂုဏ်ရှိသော တာရာကို ဆိုလိုသည်။ သတ္တိ တာရာ အမျိုး အ စား နှင့် ခွဲ၍ ယူ ရန် ဖြစ်သည်၊ တာရာကို ဗောဓိသတ် အဖြစ် ကိုးကွယ်သည်မှာခြောက်ရာစုနှစ်မှ စသည်ဟု ဆိုလေသည်၊ အဝလောကိတေဿရသည် သတ္တဝါ ခပ်သိမ်း၏ ဆင်းရဲဒုက္ခကိုမြင်၍ မဟာ ကရုဏာ ဖြစ်သဖြင့် မျက်ရည်ကျလေရာ ထိုကျသော မျက်ရည်မှ တာရာ ဖွားမြင် လာသည်ဟု ယူကြလေသည်၊ထိုကြောင့် တာရာသည် သတ္တဝါ ခပ်သိမ်းအား နှစ်သိမ့်စေနိုင်သော ဗောဓိသတ်ဟု ယူ၍ ကိုးကွယ်ကြလေသည်။ဗောဓိသတ်ပုံတော်တိုင်းလိုလို၌ပင် ပဒုမ္မာ ကြာ သော်လည်းကောင်း၊ ကြာညို သော် လည်းကောင်း၊ နှစ်မျိုးလုံးသော် လည်းကောင်း ပါတတ်လေသည်။ ပဒုမ ပါဏိ၏ကြာသည် ဖန်ဆင်းတတ်သော ဂုဏ်ကို ပြသည်ဟုဆိုသည်။ မဉ္ဇူ သီရိ၏ ကြာသည် မြတ်စွာဘုရား၏ တရားတော်ကို ပြသည်ဟု ဆိုသည်၊ တာရာ၏ ကြာသည် စင်ကြယ်ခြင်းကို ပြသည်ဟုဆိုသည်။ ဤပုံတွင်တာရာ၏ဝဲဘက်၌ပဒုမ္မာကြာကို လည်းကောင်း၊ ယာဘက်၌ ကြာညိုကို လည်း ကောင်း ပြထားသည်။ ကြာပလ္လင် ပေါ် တွင်ခြေတစ်ဖက်တင် တစ်ဖက်ချဟန်ထိုင်လျက်ရှိသည်။ ယိမ်းနွဲ့သောကိုယ်ရှိသည်၊ ခါးသေး ရင်ချီသည်၊ ရှင်ပြုံးကြည်လင်သော မျက် နှာရှိသည်၊ မဟာယာနဝါဒီတို့ ဦးညွှတ်ဖွယ်ရာ ဖြစ်ပါသတည်း။